လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## နှစ် (၁၃၀)မြောက် ဆရာကြီးသခင်ကိုယ်တော်မှိုင်းမွေးနေ့ အထိမ်းအမှတ် သဝဏ်လွှာ

၂၀၀၆–ခုနှစ်၊ မတ်လ (၂၃)ရက်နေ့ဟာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ နှစ်(၁၃၀)ပြည့် မွေးနေ့ဖြစ်ပါတယ်။

ဒီနေ့ဟာ မှိုင်းရာပြည့်လှုပ်ရှားမှုကြီး ဖြစ်ပွားပေါ်ပေါက်ခဲ့တာ နှစ်(၃၀)တိတိ ပြည့်တဲ့နေ့လည်းဖြစ်ပါတယ်။

ဆရာကြီးကို ကျနော်တို့ ထာဝရလေးစား အမှတ်ရနေရသည်မှာ ...

ဆရာကြီးရဲ့ ငြိမ်းချမ်းရေးအမြင်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကြောင့် ဖြစ်ပါတယ်။ ဆရာကြီးရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများကြောင့် ဖြစ်ပါတယ်။

လွတ်လပ်ရေး သက်တမ်းနှင့်အမျှ ရှည်ကြာလာသော ပြည်တွင်းစစ်ကို အဆုံးသတ်ရန်အတွက် ဆရာကြီးဟာ "သူမနာ ကိုယ်မနာ တွေ့ဆုံ ဆွေးနွေးရေး"လုပ်ကြဖို့ တောက်လျှောက်တင်ပြတောင်းဆိုခဲ့ပါတယ်။

"ဆရာမသေခင် တကယ့်ငြိမ်းချမ်းရေးအစစ်ကို မြင်သွားချင်တယ်"ဆိုတဲ့ ဆရာကြီးဟာ အာဏာရှင်အစိုးရ အဆက်ဆက်ရဲ့ ခေါင်းမာမှုကြောင့် ဆုံးပါးကွယ်လွန်သွားသည့်တိုင် ဆရာကြီးမြင်ချင်သော ငြိမ်းချမ်းရေးကို မြင်မသွားခဲ့ရပါ။

ယနေ့ကာလ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေမှာလည်း ...

အမျိုးသားဒီမိုကရစီအဖွဲ့ချုပ်က (CRPP) အပါအဝင် အင်အားစုအသီးသီးနှင့် လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး၏ ထောက်ခံဝန်းရံမှုနှင့် အတူ "သူမနာ ကိုယ်မနာ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း"ကို ပြည်ထောင်စုနေ့ အထူးကြေညာချက်နဲ့ ဖွင့်လှစ်လိုက်တဲ့ အခြေအနေ ဖြစ်ပါတယ်။

နအဖအစိုးရအနေဖြင့် တနေ့တခြား ပိုမိုဆိုးဝါးနေတဲ့ တိုင်းပြည်နှင့် ပြည်သူလူထုကြီးရဲ့ အကျိုးကိုရှေးရှုပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကမ်းလှမ်းချက်ကို အလေးအနက်စဉ်းစားကာ ပူးပေါင်းလုပ်ဆောင်ဖို့ လိုအပ်တယ်လို့မြင်ပါတယ်။

ပြည်တွင်းနှင့် နိုင်ငံတကာရောက် အင်အားစုအသီးသီးဟာ လူမျိုးပေါင်းစုံပြည်သူလူထုကြီးနှင့်အတူ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အထူးကြေညာချက်ကို ထောက်ခံဝန်းရံပြီး၊ အင်အားစုအသီးသီးပါဝင်ပြီး လွတ်လပ်တန်းတူတဲ့ တွေ့ဆုံ ဆွေးနွေးရေး အမြန်ဆုံး ဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ခြင်းအားဖြင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ငြိမ်းချမ်းရေး အာသီသကို ဖြည့်စွမ်းကြပါစို့လို့ လေးစားနွေးထွေးစွာ ပန်ကြားလိုက်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကြပါစို့။
ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်ကြပါစို့။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၆ခုနှစ်၊ မတ်လ (၂၃)ရက်။

P.O Box(50), Mae Sod, Tak Province, 63110, Thailand. Tel/Fax 66 55 546581